**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)တို့မှ ၂၀၂၅-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ဆေးတက္ကသိုလ်များသို့ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်။

၂။ ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များ -

(က) ဝင်ခွင့်လျှောက်ထားချိန်တွင် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်(နိုင်) ကိုင်ဆောင်ထားသူဖြစ်ရမည်။

**မှတ်ချက်။** ဝင်ခွင့်လျှောက်ထားချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(နိုင်) လက်ဝယ်ကိုင်ဆောင်တင်ပြနိုင်ခြင်းမရှိပါက ရမှတ်မည်မျှပင်ရရှိစေကာမူ လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

(ခ) နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲ သောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ) တွင် အမြဲနေထိုင်သူဖြစ်ရမည်။

(ဂ) အခြေခံပညာသင်တန်း (GRADE-10, GRADE-11, GRADE-12) များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့ပြီး ၎င်းဒေသများမှပင် တက္ကသိုလ်ဝင်စာမေးပွဲကို STEAMS-1 ဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

**မှတ်ချက်။ အပိုဒ်(ခ)ပါဒေသများတွင်နေထိုင်သော်လည်းအခြေခံပညာအထက်တန်း ကျောင်းမရှိခြင်း၊စာစစ်ဌာနမရှိခြင်း၊ အခြေခံပညာအထက်တန်းကျောင်းရှိသော်လည်း STEAMS–1 ဘာသာတွဲသင်ကြားနိုင်မှုမရှိခြင်းတို့ကြောင့် အနီးစပ်ဆုံးမြို့နယ်ရှိ အထက်တန်း ကျောင်းများမှအောင်မြင်သော ကျောင်းသားများအား ခက်ခဲဒေသတွင် (၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့ခြင်းမရှိသော်လည်း ခြွင်းချက်ဖြင့် စဉ်းစားမည်။**

(ဃ) ၂၀၂၅-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် STEAMS-1 ဘာသာတွဲ(မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)ဖြင့် အောင်မြင်သူဖြစ်ရမည်ဖြစ်ပြီး (၆)ဘာသာ

စုစုပေါင်းရမှတ်(၄၅၀)နှင့်အထက်ရရှိသူဖြစ်ရမည်။အဆိုပါ(၆)ဘာသာစုစုပေါင်းရမှတ်(၄၅၀) နှင့်အထက်ရရှိသူများအနက် အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ (၃)ဘာသာပေါင်းရမှတ် (အများ/အနည်း)ပေါ်မူတည်၍ ပဏာမရွေးချယ်ပြီး လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်။

( င) လူတွေ့နှုတ်မေးစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများစာရင်း၊ ခုံအမှတ်နှင့် ဖြေဆိုရမည့်နေ့ရက်ကို ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page ၊ Website www.moh.gov.mm နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website www.hrh.gov.mm တို့တွင် ကြေညာမည်။

(စ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုခွင့်ရရှိသူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ရုံးအမှတ်(၄)နေပြည်တော်တွင် ကျင်းပမည့် လူတွေ့နှုတ်မေးစာမေးပွဲသို့ မပျက်မကွက် **(မပျက်မကွက်)**လာရောက်ဖြေဆိုရမည်ဖြစ်ပြီး အချိန်မီ ဝင်ရောက်ဖြေဆိုခြင်းမရှိသူများအား (၃)ဘာသာပေါင်းရမှတ်မည်မျှပင်ရရှိစေကာမူ လုံးဝ**(လုံးဝ)** လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

(ဆ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ (၃)ဘာသာပေါင်းရမှတ်နှင့် လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုမှုရလဒ်ပေါင်းအပေါ်မူတည်၍ အပြီးသတ်ရွေးချယ်ပြီး ဆေးတက္ကသိုလ်တက်ရောက်ခွင့်ပြုမည်။

(ဇ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုခွင့်မရရှိသူများ၊ ရွေးချယ်ခြင်းမခံရသူများအား သီးခြားအကြောင်းကြားပေးမည်မဟုတ်ပါ။

(ဈ) ဆေးတက္ကသိုလ်ဝင်ခွင့်ပြုရန် သတ်မှတ်ထားသောလျှောက်လွှာပုံစံဖြင့်လျှောက်ထားရမည်။

(ည) ဆေးပညာဘွဲ့ရရှိပြီးသည့်အချိန်မှ မိမိဒေသတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်းတက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ်အနည်းဆုံး(၅)နှစ် မပျက်မကွက်**(မပျက်မကွက်)**တာဝန်ထမ်းဆောင်ပါမည်ဟု ကတိခံဝန်ချက်စာချုပ် ချုပ်ဆိုရမည်။

(ဋ) ကတိခံဝန်ချက်စာချုပ်ပါ ကတိပြုချက်တစ်ရပ်ရပ်ကို ချိုးဖောက်ပျက်ကွက်ပါက သို့မဟုတ် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက လျော်ကြေးငွေ(၆၀,၀၀၀,၀၀၀/-) (ကျပ်သိန်းခြောက်ရာတိတိ)ကို ပေးလျော်ရန်နှင့် သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအရ

အရေးယူခြင်းကိုလည်း ခံရမည်ဖြစ်ပါသည်။ ထို့အပြင် အထွေထွေဆေးကုသခွင့်လိုင်စင်(ဆမ) ထုတ်ပေးမည်မဟုတ်ပါ။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်များကို ပူးတွဲတင်ပြရမည် -

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ရမှတ်စာရင်း **(မူရင်း)** (၁)စောင်

(ခ) ၎င်းဒေသရှိ ကျောင်း၌ (၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင် စာမေးပွဲကို STEAMS-1 ဘာသာတွဲဖြင့် ၎င်းဒေသရှိစာစစ်ဌာနမှ အောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့် မြို့နယ်ပညာရေးမှူးတို့၏ ထောက်ခံချက် **(မူရင်း)**

(ဂ) အိမ်ထောင်စုဇယားမိတ္တူနှင့် ၎င်းဒေသတွင် (၃)နှစ်ဆက်တိုက် နေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာဒေသအာဏာပိုင်များ၏ ထောက်ခံချက်။

(ဃ) လျှောက်ထားသူနှင့် မိဘ(၂)ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)များ

(င) (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်အရွယ် ရောင်စုံဓာတ်ပုံ(၂)ပုံ

(စ) ဆေးပညာဘွဲ့ရရှိပြီးသည့်အချိန်မှ မိမိဒေသတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်းတက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၅)နှစ် မပျက်မကွက် <u>**(မပျက်မကွက်)**</u> တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်။

**မှတ်ချက်။ အထူးအခွင့်အရေးအဖြစ် ဆေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ပြုခြင်းဖြစ်သည့် အတွက် တက်ရောက်ခွင့်ရရှိပြီး တက္ကသိုလ်သို့သင်တန်းလာအပ်ပါက ဘွဲ့ရရှိပြီးသည့်အချိန်မှ မိမိ ဒေသတွင် နိုင်ငံ့ဝန်ထမ်းအဖြစ်အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်း တက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ပါမည်ဟု သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့များ၏ဥက္ကဋ္ဌ(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့/ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသည့် ကတိပြုဝန်ခံချက်တင်ပြရမည်။**

၄။ အောက်ဖော်ပြပါလျှောက်လွှာနမူနာပုံစံအတိုင်း A-4 size ဖြင့် ကွန်ပျူတာရိုက်၍ မိမိအစီအစဉ်ဖြင့် လျှောက်ထားရန်ဖြစ်ပါသည်။

၅။ လျှောက်လွှာများကို **(၁၈-၁၂-၂၀၂၅)ရက်နေ့နောက်ဆုံးထား၍** ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၆။ **လျှောက်လွှာပိတ်ရက်ထက်နောက်ကျရောက်ရှိလာသောလျှောက်လွှာများ၊ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသောလျှောက်လွှာများနှင့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော လျှောက်လွှာများအား လုံးဝ(<u>လုံးဝ</u>) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

၇။ ဆေးတက္ကသိုလ်သို့ဝင်ခွင့်ရရှိသူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တက်ရောက်ခွင့်ပြုသည့် ဝင်ခွင့်ရတက္ကသိုလ်တွင်သာ သင်တန်းပြီးဆုံးသည်အထိ တက်ရောက်ရမည်ဖြစ်သည်။
**(တက္ကသိုလ်ပြောင်းရွှေ့ပညာသင်ကြားခွင့်အား လုံးဝ(<u>လုံးဝ</u>)ခွင့်ပြုမည်မဟုတ်ပါ)**

၈။ အသေးစိတ်သိလိုပါက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၁၁၂၃၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| ဓာတ်ပုံ |
|---|

# ကျန်းမာရေးဝန်ကြီးဌာန

## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

## ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ

## (၂၀၂၅-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)

၁။ အမည် (မြန်မာ) ------------------------------------ ကျား ☐ မ ☐

(အင်္ဂလိပ်) ------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------------------------------------------------------------------------

၃။ မွေးသက္ကရာဇ်(ခုနှစ်၊လ၊ရက်) ----------------------------------------------------------------------------------------

၄။ လူမျိုး ------------------------------------ ကိုးကွယ်သည့်ဘာသာ ------------------------------------------

၅။ ဖခင်အမည် ----------------------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------------------------

အလုပ်အကိုင်-------------------------------------------------------------------------------------------------

၆။ မိခင်အမည် ------------------------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ် -----------------------------------

အလုပ်အကိုင်-------------------------------------------------------------------------------------------------

၇။ GRADE-10 စာမေးပွဲကို STEAMS-1 ဘာသာတွဲဖြင့် အောင်မြင်ခဲ့သည့်ကျောင်း---------------------------

-----------------------မြို့-----------------------မြို့နယ်-------------------------ပြည်နယ်/တိုင်းဒေသကြီး

၈။ GRADE-11 စာမေးပွဲကို STEAMS-1 ဘာသာတွဲဖြင့် အောင်မြင်ခဲ့သည့်ကျောင်း---------------------------

------------------------မြို့-----------------------မြို့နယ်------------------------ပြည်နယ်/တိုင်းဒေသကြီး

၉။ တက္ကသိုလ်ဝင်စာမေးပွဲ (GRADE-12) အောင်မြင်သည့်ခုနှစ်----------------ခုံအမှတ်---------------------

(၆)ဘာသာစုစုပေါင်းရမှတ်------------၊ (၃)ဘာသာစုစုပေါင်းရမှတ်(အင်္ဂလိပ်၊ ဓာတု၊ ဇီဝ)------------

အောင်မြင်သည့်စာစစ်ဌာန------------------------------------------------------------------------------၊

---------------------မြို့၊ -----------------------မြို့နယ်-----------------------ပြည်နယ်/တိုင်းဒေသကြီး

၁၀။ တက္ကသိုလ်ဝင်တန်းတက်ရောက်ခဲ့သည့် ကျောင်းနှင့်မြို့နယ်-----------------------------------------

၁၁။ အမြဲနေထိုင်သောလိပ်စာ ------------------------------------------------------------------------------

------------------------------------------------------------------------------------------------------------

၁၂။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်-------------------------------------------------------

------------------------------------------------------------------------------------------------------------

၁၃။ ဝန်ခံချက်

အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ။ ------------------------------

--------------------------------

ဝင်ခွင့်လျှောက်ထားသူလက်မှတ်

အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း တာဝန်ယူလက်မှတ်ရေးထိုးပါသည်။

ရက်စွဲ။ ------------------------------

----------------------------

မိဘ/အုပ်ထိန်းသူလက်မှတ်